## ဓမ္မခန္ဓာ (၄၀) “လွှတ်ငြိမ်းစေသော အရှင်” (အလ် ဂဖါရ်)

ဥဂ္ဂဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၀။ သုတ်ဒေသနာ– ၈၅ ပါး။

ဤဓမ္မခန္ဓာ၏ အမည်အား (အလ် မုအ်မင်) “ယုံကြည်သူများ”ဟုလည်း ခေါ်တွင်သည်–

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | حم۞<br>ဟာ မင်၊[၈၂၁] |
| ၂။ | تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْعَلِيمِ۞<br>ဘုန်းတော်အရှင်၊ သိနေသော အရှင် ဖြစ်တော်မူသည့် ပရမတ်ဘုရားရှင်မှ ဤကျမ်းတော်အား ချမှတ်ပေး၏။ |
| ၃။ | غَافِرِ الذَّنبِ وَقَابِلِ التَّوْبِ شَدِيدِ الْعِقَابِ ذِي الطَّوْلِ لَا إِلَهَ إِلَّا هُوَ إِلَيْهِ الْمَصِيرُ۞<br>အရှင်သည် အပြစ်များကို လွှတ်ငြိမ်းစေ၏၊ ခဝါချခြင်းကို အကိုးပြည့်စေ၏၊ ပြတ်သားစွာ ချုပ်ကိုင်နိုင်၏၊ အဆုံးမရှိ အနန္တဖြစ်တော်မူသော အရှင်– အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ။ ခရီးပန်းတိုင်သည် အရှင့်ထံသို့သာ ဖြစ်၏။ |
| ၄။ | مَا يُجَادِلُ فِي آيَاتِ اللَّهِ إِلَّا الَّذِينَ كَفَرُوا فَلَا يَغْرُرْكَ تَقَلُّبُهُمْ فِي الْبِلَادِ۞<br>ဖုံးကွယ်သော သူများ မှအပ မည်သူမျှ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို စောဒကတက်ခြင်း မပြုချေ။ မြို့များ၌ သူတို့၏ ဦးတည်လှုပ်ရှားနေခြင်းက သင့်အား မမြှူဆွယ်စေနှင့်။ |
| ၅။<br><br>အမှား | كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَالْأَحْزَابُ مِن بَعْدِهِمْ وَهَمَّتْ كُلُّ أُمَّةٍ بِرَسُولِهِمْ لِيَأْخُذُوهُ وَجَادَلُوا بِالْبَاطِلِ لِيُدْحِضُوا بِهِ الْحَقَّ فَأَخَذْتُهُمْ فَكَيْفَ كَانَ عِقَابِ۞<br>၎င်းတို့ မတိုင်မီ နူးဟ်၏ လူမျိုးနှင့် သူတို့နောက်ပိုင်း ဂိုဏ်းသား များစွာသည်လည်း ငြင်းဆန်ခဲ့ကြပြီ။ သူတို့ အသိုင်းအဝိုင်း ကိုယ်စီသည် သူတို့အတွက် ဥဂ္ဂဏ်စဉ်ဆောင်များကို လုပ်ကြံကြ၏။ ပရမတ္ထသစ္စာအား ယိုင်နဲ့စေရန် **မိစ္ဆာတရား**ကို စွဲကိုင် စောဒကတက်ကြ၏။ ထို့ကြောင့် ငါသည် သူတို့အား အရေးယူလိုက်ပြီ၊ ငါ၏ ချုပ်ကိုင်မှုသည် မည်သို့ ရှိကြသနည်း။ |
| ၆။ | وَكَذَلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِينَ كَفَرُوا أَنَّهُمْ أَصْحَابُ النَّارِ۞<br>သင့်ကံကြမ္မာရှင်၏ တရားတော်အား ဖုံးကွယ်သောသူတို့၏ အပေါ်၌ ဤသို့ အမှန် ဖြစ်စေ၏။ သူတို့သည် အပူမီး၏ ပေါင်းဖေါ်များ ဖြစ်ကြကုန်၏။ |
| ၇။ | الَّذِينَ يَحْمِلُونَ الْعَرْشَ وَمَنْ حَوْلَهُ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَيُؤْمِنُونَ بِهِ وَيَسْتَغْفِرُونَ لِلَّذِينَ آمَنُوا رَبَّنَا |

(၈၂၁) ကျမ်းတော်သုံး အာရ်ဗီစကားလုံး အတိုကောက် **ဟာမင်** ဆိုသည်မှာ– **အောလ္လာဟွမ္မ**၊ အို– ပရမတ်ဘုရားရှင်။ **အရ် ရဟာမန်**– ကရုဏာတော်ရှင်။ **ဟမီးဒ်** ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်သော အရှင်။ ဟူသော စကားလုံးများ၏ အတိုက်ကောက် စကားလုံးများ ဖြစ်ပေသည်။

| | |
|---|---|
| | وَسِعْتَ كُلَّ شَيْءٍ رَّحْمَةً وَعِلْمًا فَاغْفِرْ لِلَّذِينَ تَابُوا وَاتَّبَعُوا سَبِيلَكَ وَقِهِمْ عَذَابَ الْجَحِيمِ۞<br>ထပ်ဆင့်ကွပ်ကဲမှုကို သယ်ပိုးနေကြသော သူများနှင့် ၎င်း၏ ပရဝုဏ်မှ ရှိသူများက သူတို့၏ ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားနေကြ၏။ အရှင့်အား ယုံကြည်ကြ၍၊ ယုံကြည်သော သူများအတွက်  လွတ်ငြိမ်းဆုပန်သည်မှာ "အို ကံကြမ္မာရှင်၊ အရှင်၏ ကရုဏာတော်နှင့် အသိတော်သည် သဗ္ဗလုံးစုံအား ဖြန့်ကျက်နေတော်မူ၏။ သို့ဖြစ်၍ ခ၀ါချသော၊ အရှင့်လမ်းစဉ်သို့ လိုက်နာသော သူများကို လွတ်ငြိမ်းစေ၍၊ သူတို့အား ငရဲမီး ဝင့်ကြွေးမှ ကာကွယ်တော်မူပါ၊"[၉၂၂] |
| ၈။ | رَبَّنَا وَأَدْخِلْهُمْ جَنَّاتِ عَدْنٍ الَّتِي وَعَدتَّهُم وَمَن صَلَحَ مِنْ آبَائِهِمْ وَأَزْوَاجِهِمْ وَذُرِّيَّاتِهِمْ إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ۞<br>"အို ကံကြမ္မာရှင်၊ သူတို့၏ အဖေများ၊ သူတို့၏ အိမ်ထောင်ဘက်များ၊ သူတို့၏ သားမြေးများမှ ပြုပြင်ပြောင်းလဲသူများအတွက် ကတိတော်ထားသည့်၊ တည်မြဲခြင်း သုခဘုံများသို့ ဝင်စေတော်မူပါ။ အရှင်သည်သာ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်ပါ၏၊" |
| ၉။ | وَقِهِمُ السَّيِّئَاتِ وَمَن تَقِ السَّيِّئَاتِ يَوْمَئِذٍ فَقَدْ رَحِمْتَهُ وَذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞<br>"သူတို့အား အကုသိုလ်များမှ ကာကွယ်တော်မူပါ၊ အကုသိုလ်များမှ အရှင်၏ ကာကွယ်တော်မူခြင်းခံရ သူသည် ထို့နေ့တွင်ပင် အရှင်၏ ကရုဏာတော်သည် သူ့အား သက်တော်မူ၏။ ဤသည် သူ့အတို့ မဟာ အောင်ပွဲပင်တည်း၊" ဟု ဖြစ်၏။ |
| ၁၀။ | إِنَّ الَّذِينَ كَفَرُوا يُنَادَوْنَ لَمَقْتُ اللَّهِ أَكْبَرُ مِن مَّقْتِكُمْ أَنفُسَكُمْ إِذْ تُدْعَوْنَ إِلَى الْإِيمَانِ فَتَكْفُرُونَ۞<br>ဖုံးကွယ်သော သူတို့အား "သင်တို့အား ယုံကြည်ခြင်းဆီသို့ ဖိတ်ခေါ်စဉ် သင်တို့က ဖုံးကွယ်လိုက်သောအခါ၊ သင်တို့စရိုက်ကို သင်တို့ ရွံမုန်းသည်ထက်၊ ပရမတ်ဘုရားရှင်က ပိုမိုကြီးမားစွာ ရွံမုန်းတော်မူ၏၊" ဟု ကြေငြာသော်၊[၉၂၃] |
| ၁၁။ | قَالُوا رَبَّنَا أَمَتَّنَا اثْنَتَيْنِ وَأَحْيَيْتَنَا اثْنَتَيْنِ فَاعْتَرَفْنَا بِذُنُوبِنَا فَهَلْ إِلَى خُرُوجٍ مِّن سَبِيلٍ۞<br>သူတို့က "အို ကံကြမ္မာရှင်၊ အရှင်သည် တပည့်တော်တို့အား သေခြင်း နှစ်မျိုး၊ တပည့်တော်တို့အား ရှင်ခြင်း နှစ်မျိုး ဖြစ်စေခဲ့ပါပြီ။ တပည့်တော်တို့၏ အပြစ်များကို မှတ်မိပါပြီ၊ ထွက်ပေါက်သို့ နည်းလမ်း ရှိပါ၏လော၊" ဟု ဆိုကြ၏။[၉၂၄] |
| ၁၂။ | ذَلِكُم بِأَنَّهُ إِذَا دُعِيَ اللَّهُ وَحْدَهُ كَفَرْتُمْ وَإِن يُشْرَكْ بِهِ تُؤْمِنُوا فَالْحُكْمُ لِلَّهِ الْعَلِيِّ الْكَبِيرِ۞<br>ယင်းမှာ၊ သင်တို့အား ကေဝဒိပရမတ်ဘုရားရှင် ဆီသို့ ဖိတ်ခေါ်သော အခါ၊ သင်တို့ ဖုံးကွယ်မှောင်ချကြ၍၊ အရှင်နှင့် |

---

(၉၂၂) ငရဲ ဝင့်ကြွေးမှ ကာကွယ်တော်မူပါ၊ ဟူသော စကားကို နောင်ဘဝရှိ မီးရှဲရှဲတောက်လောင်နေသာ ငရဲပြည်ကြီးမှဟုသာ မမြင်ယောင်သင့်ပေ၊ ယုံကြည်သူများနှင့် သူတို့၏ မျိုးဆက်များအတွက် လောက ငရဲမှ လွတ်မြောက်နိုင်စေသည့် ကျမ်းတော်ပါ ဥပဒေများကို ပိုမိုနားလည် သဘောပေါက်နိုင်စွမ်း ပေးပါဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဤသုတ်တော်ပါ– ဆုတောင်းနေသူများနှင့် ဆုတောင်းပေးခြင်းခံရသော သူများ (ယုံကြည်သူများ)သည် အသက်နှင့် ထင်ရှားရှိနေသေးသည်ဟူသော အဓိပ္ပါယ်က ဖော်ညွှန်းနေပေသည်။ ဤသုတ်တော်က သေသွားသူများအတွက် ဆုတောင်းပေးနေခြင်း မဟုတ်ချေ။ အသက်နှင့် ရှိနေသူများ ဒုက္ခငရဲထဲသို့ ရောက်ရခြင်းမှ ကင်းရန် ကာကွယ်ပေးတော်မူပါ ဟုသာ ဖြစ်ပေသည်။

(၉၂၃) ဤသုတ်တော်မှာ ဖုံးကွယ်သူများက သူတို့ကိုယ် သူတို့ မသနားဘဲ– မိမိအတွက်ရော မိမိ၏ မျိုးဆက်အတွက်ပါ မှားယွင်း လမ်းချော်စေမည့် ဖုံးကွယ်မှောင်ချခြင်း အကျင့်ကို ကျင့်ကြံသောကြောင့် သူတို့စရိုက်ကို သူတို့ ရွံမုန်းသည်ဟု ပြောဆိုခြင်းဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ရွံမုန်းခြင်း ဆိုသည်မှာ သူ၏ လူပုဂ္ဂိုလ်အား ရွံမုန်းခြင်း မဟုတ်ချေ။ သူ၏ မိမိကိုယ်မိမိ ဖုံးကွယ်မှောင်ချခြင်း အကျင့် စရိုက်ကို ရွံမုန်းခြင်း ဖြစ်ပေသည်။

(၉၂၄) ဤသုတ်တော်က ဖုံးကွယ်မှောင်ချသူများကို သေခြင်းနှစ်မျိုး ရှင်ခြင်း နှစ်မျိုး ဖြစ်စေခဲ့သည်ဟု ဆိုထား၍၊ အမှန်တကယ် ယုံကြည်ခြင်း ရှိသူများကို သေခြင်း တစ်မျိုးသာ ဖြစ်စေဟု ၄၄း၅၆ တွင် ဆိုထားပေသည်။ ဖုံးကွယ်မှောင်ချသူများ၏ ကိုယ်ထည်ဝတ္ထုသေခြင်း၊ ရှင်ခြင်းတစ်မျိုး– အတွေးအခေါ် အယူ အိပ်မောကျ သေခြင်း၊ ရှင်ခြင်း တစ်မျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်၊ (၃၉း၄၂) တွင် သူတို့ သေခြင်းမဟုတ်သော သေခြင်းဖြင့် အိပ်မောကျနေစဉ် သူတို့ ဉာဉ်ကို အားဖြည့်စေ၍ ထိန်းထားတော်မူသည်– ထောက်ပြထားပေသည်။ ထိုသူများမှာ သူ့ကိုယ်သူ လမ်းလွဲ၍ ရှိနေသူများ ဖြစ်သည်ဟုလည်း (၃၉း၄၁) ၌ ဆိုထားပေသည်။  သစ္စာတရား၌ ရပ်တည်သူတို့သည်ကား သဘာဝဓမ္မတာ ကိုယ်ထည်ဝတ္ထုသေခြင်း ရှင်ခြင်းသာ ရှိ၍– အတွေးအခေါ် မျိုးဆက် အနာဂါတ်သေသည်ဟူ၍ မရှိချေ၊ (၄၄း၅၆)။

| | |
|---|---|
| | ရောပြွန်းကိုးကွယ်ခြင်းကို သင်တို့ ယုံကြည်ကြသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ စီရင်ထုံးသည် အထွဋ်အထိပ်ဖြစ်တော်မူသော ကြီးကျယ်တော်မူသော ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ |
| ၁၃။ | **هُوَ الَّذِي يُرِيكُمْ آيَاتِهِ وَيُنَزِّلُ لَكُم مِّنَ السَّمَاء رِزْقًا وَمَا يَتَذَكَّرُ إِلَّا مَن يُنِيبُ**<br>အရှင်သည် သင်တို့အား သုတ်ဒေသနာများကို ပြသပေးသော၊ မိုးကောင်းကင်မှ ရိက္ခာများကို ချမှတ်ပေးသော အရှင်ဖြစ်၏။ အရှင့်ထံသို့ ဘက်လှည့်သူများသည်သာ ဆင်ခြင်သတိ ရှိကြကုန်၏။ |
| ၁၄။ | **فَادْعُوا اللَّهَ مُخْلِصِينَ لَهُ الدِّينَ وَلَوْ كَرِهَ الْكَافِرُونَ**<br>သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်၌ ဆုတောင်းကြလော့။ ဖုံးကွယ်သူများ မကြိုက်သော်လည်း သာသနာတော်သည် အရှင့်အတွက် သန့်သန့်ဖြစ်စေလော့။ |
| ၁၅။ | **رَفِيعُ الدَّرَجَاتِ ذُو الْعَرْشِ يُلْقِي الرُّوحَ مِنْ أَمْرِهِ عَلَى مَن يَشَاء مِنْ عِبَادِهِ لِيُنذِرَ يَوْمَ التَّلَاقِ**<br>ခင်းကျင်းပြသခြင်း နေ့ကာလအား သတိပေးရန်– မြှောက်စားခြင်း အခွင့်အလမ်းနှင့် ထပ်ဆင့်ကွပ်ကဲမှုအား ပိုင်စိုးသော အရှင်သည်၊ အရှင်၏ ညွှန်ကြားချက်မှ ဉာဏ်စဉ်အား အရှင့်အမှုတော်ဆောင်များမှ စံချိန်ပြည့်မီသူအား ခင်းကျင်းပေးတော်မူလတ္တံ့။[၉၂၅] |
| ၁၆။<br>လောကီမှ | **يَوْمَ هُم بَارِزُونَ لَا يَخْفَى عَلَى اللَّهِ مِنْهُمْ شَيْءٌ لِّمَنِ الْمُلْكُ الْيَوْمَ لِلَّهِ الْوَاحِدِ الْقَهَّارِ**<br>ပြန်ထွက်လာရသော နေ့ကာလ၌၊ သူတို့မှ တစ်စုံတစ်ရာကိုမျှ ပရမတ်ဘုရားရှင်၏ ထံ၌ ထိန်ဝှက်ထား၍ မရချေ။ ဤနေ့ကာလကို မည်သူက အစိုးရလေသနည်း– တစ်ဆူတည်း ဖူးခြာဖြစ်သော ပရမတ်ဘုရားရှင်သာ မဟုတ်ပေလော။ |
| ၁၇။ | **الْيَوْمَ تُجْزَى كُلُّ نَفْسٍ بِمَا كَسَبَتْ لَا ظُلْمَ الْيَوْمَ إِنَّ اللَّهَ سَرِيعُ الْحِسَابِ**<br>ဉာဉ်စရိုက် ကိုယ်စီအား၊ ကျင့်ဆောင်ခဲ့သမျှကို အစားပေးမည့် နေ့ကာလသည် မိုက်ကြေးခွဲသော နေ့ကာလ မဟုတ်ချေ။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။[၉၂၆] |
| ၁၈။ | **وَأَنذِرْهُمْ يَوْمَ الْآزِفَةِ إِذِ الْقُلُوبُ لَدَى الْحَنَاجِرِ كَاظِمِينَ مَا لِلظَّالِمِينَ مِنْ حَمِيمٍ وَلَا شَفِيعٍ يُطَاعُ**<br>စိတ်နှလုံးများ ချောက်ချားလျှက် ယူကြုံးမရဖြစ်ကာ လည်မြိုထိ တရိပ်ရိပ်တက်လာရမည့် နေ့ကာလအကြောင်းကို သတိပေးလော့။ အမိုက်ကောင်များ အတွက် နွေးထွေးစေသူနှင့် နာခံသည့် အမျှပေးဝေနိုင်သူဟူ၍ မရှိချေ။ |
| ၁၉။ | **يَعْلَمُ خَائِنَةَ الْأَعْيُنِ وَمَا تُخْفِي الصُّدُورُ**<br>အရှင်သည် မျက်လုံးများ၏ သစ္စာဖေါက်မှုနှင့် ရင်ဘတ်များ၏ ထိန်ဝှက်ထားမှုများကို သိနေတော်မူ၏။ |
| ၂၀။ | **وَاللَّهُ يَقْضِي بِالْحَقِّ وَالَّذِينَ يَدْعُونَ مِن دُونِهِ لَا يَقْضُونَ بِشَيْءٍ إِنَّ اللَّهَ هُوَ السَّمِيعُ الْبَصِيرُ** |

(၉၂၅) ကျမ်းတော် တစ်လျှောက်လုံးတွင် သတ္တဝါအားလုံးကို အလ္လာဟ်အရှင်၏ အမှုတော်ဆောင်များ ဟု သုံးပေသည်။ ထိုအထဲတွင်မှ စံချိန် ပြည့်မီသူ (၂း၇၀ ရှင်းချက်တွင် ကြည့်ပါ)အား ဉာဏ်စဉ် (၂း၈၇ တွင် ကြည့်ပါ) ကို ဆွတ်ခူးရရှိစေခြင်း သဘောကို ဤသုတ်တော်၌ ပြောဆိုထားပေသည်။ ဉာဏ်စဉ်ရရှိသူသည် သူရသော ဉာဏ်စဉ်အဆင့်အရ တရားသဘော၊ နိယာမသဘောကို သူ့အတွက် ထိုးဖေါက် မြင်နိုင်စွမ်းဖြင့် ခင်းကျင်း ပြသခြင်း ခံရသကဲ့သို့ ရရှိခြင်း ဖြစ်ပေသည်။ ဉာဏ်စဉ် အဆင့်များမှာ မတူညီနိုင်ချေ။ အချို့သည် သက်ဆိုင်ရာ ပညာရပ်တွင်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ အနုစိတ်ကို လည်းကောင်း၊ လူတစ်မျိုးအတွက် ထိုးဖေါက်မြင်နိုင်စွမ်းကိုလည်းကောင်း အမျိုးမျိုး ရှိနိုင်ပေသည်။ ကိုယ်တော် မုဟမ္မဒ်သည် လောကဓမ္မ ဖြစ်သော ဤကုရ်အာန်ကျမ်းတော်ကို ခင်းကျင်းရရှိသူဟု ၂၂း၆ တွင် ဆိုထားပေသည်။ ဤသုတ်တော်တွင် **ချီးမြှောက်ခြင်း**ဟု ဘာသာပြန်သော **ရဖအ** ကို (၂း၆၃)၊ အခွင့်အလမ်း **ဒါရ်ဂျာ** ကို (၂း၂၂၈)၊ ထပ်ဆင့်ကွပ်ကဲခြင်း **အာရ်ရှ်** ကို(၁၀း၃) ခင်းကျင်းပြသ **လကယ** ကို (၇း၁၀၇)တို့တွင် ကြည့်ပါ။

(၉၂၆) ဤသုတ်တော်က လူတစ်ဦး၏ သေလွန်ပြီးသည့် နောက်တွင်မှ သူ၏ ဆိုးခြင်း ကောင်းခြင်းအတွက် ခံစားရမှု အကျိုးဆက်အား စာရင်းရှင်းသည် ဟူသော အတွေးအခေါ်များကို ပယ်ချခြင်း ဖြစ်ပေသည်။ လူသားတိုင်းအတွက် နောက်စက္ကန့်တိုင်းသည် နောင်ဘဝ ဖြစ်ပေသည်။ သို့ဖြစ်၍ သူ၏ ဆိုးခြင်း ကောင်းခြင်းကို စက္ကန့်မလတ် စာရင်းရှင်းနေစေရန် အလ္လာဟ်အရှင်က နိယာမ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် မှန်ကန်ညီညွတ်စွာဖြင့် ဆုံးဖြတ်တော်မူ၏။ အရှင် မှလွဲ၍ အခြားတို့၌ ဆုတောင်းနေကြ၏၊ သူတို့သည် တစ်စုံတစ်ရာကိုမျှ ဆုံးဖြတ်နိုင်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင် ကေန်ပင် ထိုအရှင်သည် ကြားနေသော အရှင် မြင်နေသောအရှင် ဖြစ်၏။ |
| ၂၁။ | **أَوَ لَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ كَانُوا مِن قَبْلِهِمْ كَانُوا هُمْ أَشَدَّ مِنْهُمْ قُوَّةً وَآثَارًا فِي الْأَرْضِ فَأَخَذَهُمُ اللَّهُ بِذُنُوبِهِمْ وَمَا كَانَ لَهُم مِّنَ اللَّهِ مِن وَاقٍ ۝**<br>သူတို့သည် မြေကမ္ဘာ၌ လှည့်လည်သွားလာခြင်း မရှိကြသလော၊ သို့ဖြင့် သူတို့၏ ရှေ့အလျင် ဖြစ်သောသူများ နိဂုံး မည်သို့ ချုပ်ရသည်ကို ကြည့်နိုင်၏။ ၎င်းတို့သည် သူတို့ထက် ပိုမို သန်မာစွာဖြင့် မြေကမ္ဘာ၌ အစွမ်းရှိသည့် အစဉ် အလာရှိခဲ့၏။ ထို့နောက် သူတို့၏ အပြစ်များဖြင့် ပရမတ်ဘုရားရှင်က သူတို့အား အရေးယူလိုက်၏။ သူတို့ အတွက် ပရမတ်ဘုရားရှင်၏ နိယာမမှ ကာကွယ်ပေးနိုင်သူ မရှိချေ။ |
| ၂၂။ | **ذَٰلِكَ بِأَنَّهُمْ كَانَت تَّأْتِيهِمْ رُسُلُهُم بِالْبَيِّنَاتِ فَكَفَرُوا فَأَخَذَهُمُ اللَّهُ إِنَّهُ قَوِيٌّ شَدِيدُ الْعِقَابِ ۝**<br>ဤသည်မှာ သူတို့ထံသို့ သူတို့၏ ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များနှင့် ပေးရောက်စေပြီးသောကြောင့် ဖြစ်၏။ သူတို့သည် ဖုံးကွယ်မှောင်ချခဲ့ကြ၏။ သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူတို့အား အရေးယူလိုက်ပြီ။ ကေန်ပင် အရှင်သည် တန်ခိုးတော်ရှင် ဖြစ်၏၊ ပြတ်သားစွာ ချုပ်ကိုင်နိုင်တော်မူ၏။ |
| ၂၃။ | **وَلَقَدْ أَرْسَلْنَا مُوسَىٰ بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ ۝**<br>မုချပင် ငါသည် သုတ်ဒေသနာများ၊ ရှင်းလင်းထင်ရှားသော လုပ်ပိုင်ခွင့်များဖြင့် မူဆာအား စေစားသည်မှာ– |
| ၂၄။ | **إِلَىٰ فِرْعَوْنَ وَهَامَانَ وَقَارُونَ فَقَالُوا سَاحِرٌ كَذَّابٌ ۝**<br>ဖာရိုး၊ ဟာမံနှင့် ကာရွန်တို့ထံသို့ ဖြစ်၏။ သို့သော် သူတို့က ''မှော်ဆရာ၊ လူလိမ်''ဟုသာ ဆိုကြ၏။ |
| ၂၅။ | **فَلَمَّا جَاءَهُم بِالْحَقِّ مِنْ عِندِنَا قَالُوا اقْتُلُوا أَبْنَاءَ الَّذِينَ آمَنُوا مَعَهُ وَاسْتَحْيُوا نِسَاءَهُمْ وَمَا كَيْدُ الْكَافِرِينَ إِلَّا فِي ضَلَالٍ ۝**<br>ငါ့ထံမှ ပရမတ္ထသစ္စာအား သူတို့ထံ ရောက်လာစေစဉ်၊ သူတို့က ''သူနှင့်အတူ ယုံကြည်သော သူများ၏ သား ယောကျ်ားများအား သုတ်သင်လော့၊ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပေးလော့''ဟု ဆို၏။ ထိုဖုံးကွယ်သူ တို့၏ ဗျူဟာသည် လွဲမှားချွတ်ချော်ခြင်းသာ ဖြစ်လေ၏။ |
| ၂၆။ | **وَقَالَ فِرْعَوْنُ ذَرُونِي أَقْتُلْ مُوسَىٰ وَلْيَدْعُ رَبَّهُ إِنِّي أَخَافُ أَن يُبَدِّلَ دِينَكُمْ أَوْ أَن يُظْهِرَ فِي الْأَرْضِ الْفَسَادَ ۝**<br>ဖာရိုးက ''မူဆာအား ကျွန်ုပ်ကိုယ်တိုင် သုတ်သင်ရန် ချန်ထားလော့၊ သူ့အား သူ့ကံကြမ္မာရှင်ထံ၌ ဆုတောင်းစေလော့၊ သူသည် သင်တို့၏ သာသနာအား လွဲပြောင်းပစ်မည်– သို့မဟုတ်၊ ကမ္ဘာမြေပေါ် အဖျက်လုပ်မည်ကို ကျွန်ုပ် စိုးကြောက်၏''ဟု ဆိုသော်။ |
| ၂၇။ | **وَقَالَ مُوسَىٰ إِنِّي عُذْتُ بِرَبِّي وَرَبِّكُم مِّن كُلِّ مُتَكَبِّرٍ لَّا يُؤْمِنُ بِيَوْمِ الْحِسَابِ ۝**<br>မူဆာက ''စရင်းရှင်းရမည့် နေ့ကာလအား မယုံကြည်သည့် မာနကြီးသူ ကိုယ်စီတို့မှ ကင်းရန် ကျွန်ုပ်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင်ထံ၌ ခိုလှုံပါ၏''ဟု ဆို၏။ |
| ၂၈။ | **وَقَالَ رَجُلٌ مُّؤْمِنٌ مِّنْ آلِ فِرْعَوْنَ يَكْتُمُ إِيمَانَهُ أَتَقْتُلُونَ رَجُلًا أَن يَقُولَ رَبِّيَ اللَّهُ وَقَدْ جَاءَكُم بِالْبَيِّنَاتِ مِن رَّبِّكُمْ وَإِن يَكُ كَاذِبًا فَعَلَيْهِ كَذِبُهُ وَإِن يَكُ صَادِقًا يُصِبْكُم بَعْضُ الَّذِي يَعِدُكُمْ إِنَّ اللَّهَ لَا يَهْدِي مَنْ هُوَ** |

| | |
|---|---|
| | **مُسْرِفٌ كَذَّابٌ۞**<br>ဖာရိုး မင်းဆက်မှ မိမိ၏ ယုံကြည်မှုကို ထိန်ဝှက်ထားသော ယုံကြည်သည့် လူတစ်ဦးက ပြောသည်မှာ “လူတစ်ဦးက သူ၏ကံကြမ္မာရှင်သည် ပရမတ်ဘုရားရှင် ဖြစ်သည်ဟု ဆို၍၊ သင်တို့ထံသို့ ကံကြမ္မာရှင်ထံမှ ရှင်းလင်းချက်များကို မုချ ရောက်လာစေသူအား တိုက်ခိုက်ကြမည်လော။ သူသည် လူလိမ် ဖြစ်လျှင် သူ့လိမ်လည်ခြင်းက သူ့ အဘို့ ဖြစ်၏။ သူသည် ဖြောင့်မှန်သူ ဖြစ်လျှင် သင်တို့အတွက် သူပေးသော ကတိမှ အချို့သည် သင်တို့အား ထိသက်နိုင်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အလွဲသုံးစားပြုသူ၊ လိမ်ညာသူအား လမ်းညွှန်တော်မမူချေ။– |
| ၂၉။ | **يَا قَوْمِ لَكُمُ الْمُلْكُ الْيَوْمَ ظَاهِرِينَ فِي الْأَرْضِ فَمَن يَنصُرُنَا مِن بَأْسِ اللَّهِ إِنْ جَاءَنَا قَالَ فِرْعَوْنُ مَا أُرِيكُمْ إِلَّا مَا أَرَى وَمَا أَهْدِيكُمْ إِلَّا سَبِيلَ الرَّشَادِ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ယနေ့မူကား အာဏာသည် သင်တို့အဘို့ ဖြစ်၍ ကမ္ဘာ၌ သင်တို့သည် ပေါ်ပြူလာဖြစ်ကြပြီ။ သို့သော် ပရမတ်ဘုရားရှင်၏ အမင်္ဂလာနိယာမသည် ကျွန်ုပ်တို့ထံသို့ ရောက်လာခဲ့သော် မည်သူက ကူညီနိုင် အံ့နည်း။”ဟု ဖြစ်သော်၊ ဖာရိုးက “ကျွန်ုပ်၏ မြင်သည်ကိုသာ သင်တို့အား မြင်တွေ့စေ၏၊ ကျွန်ုပ်သည် သင်တို့အား ဖြောင့်မတ်သော လမ်းစဉ်ကိုသာ ညွှန်ပြ၏၊”ဟု ဆို၏။ |
| ၃၀။ | **وَقَالَ الَّذِي آمَنَ يَا قَوْمِ إِنِّي أَخَافُ عَلَيْكُم مِّثْلَ يَوْمِ الْأَحْزَابِ۞**<br>ယုံကြည်သောသူက ပြောသည်မှာ “အို ကျွန်ုပ်၏ အမျိုးသားတို့၊ သင်တို့အတွက် ကျွန်ုပ် စိုးရိမ်သည်မှာ– ထိုဂိုဏ်း အသင်းများ၏ နေ့ ပမာ၊– |
| ၃၁။ | **مِثْلَ دَأْبِ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَالَّذِينَ مِن بَعْدِهِمْ وَمَا اللَّهُ يُرِيدُ ظُلْمًا لِّلْعِبَادِ۞**<br>နူးဟ်၊ အာ့ဒ်၊ သမု–ဒ်နှင့် သူတို့ နောက်မှ ကျဆုံးသွားရသော လူမျိုးများ၏ အလေ့အထများ ကဲ့သို့ပင် ဖြစ်၏။ ပရမတ် ဘုရားရှင်သည် အမှုတော်ဆောင်တို့အား အဝိဇ္ဇာသင့်စေလိုခြင်း မရှိချေ။ |
| ၃၂။ | **وَيَا قَوْمِ إِنِّي أَخَافُ عَلَيْكُمْ يَوْمَ التَّنَادِ۞**<br>အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏အား ဆင့်ခေါ်မည့် နေ့ကာလကို ကျွန်ုပ် စိုးကြောက်မိပါ၏။ |
| ၃၃။ | **يَوْمَ تُوَلُّونَ مُدْبِرِينَ مَا لَكُم مِّنَ اللَّهِ مِنْ عَاصِمٍ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِنْ هَادٍ۞**<br>ထိုနေ့ကာလမှ သင်တို့သည် နောက်သို့ လှည့်ပြေးကြလတ္တံ့၊ သို့သော် သင်တို့သည် ပရမတ်ဘုရားရှင်၏ နိယာမမှ ကင်းရန် မားမားရပ်ပေးနိုင်သူ မရှိချေ။ ပရမတ်ဘုရားရှင်က လမ်းလွဲစေသူ၊ သူ့အတွက် လမ်းညွှန် မရှိချေ။ |
| ၃၄။ | **وَلَقَدْ جَاءَكُمْ يُوسُفُ مِن قَبْلُ بِالْبَيِّنَاتِ فَمَا زِلْتُمْ فِي شَكٍّ مِّمَّا جَاءَكُم بِهِ حَتَّى إِذَا هَلَكَ قُلْتُمْ لَن يَبْعَثَ اللَّهُ مِن بَعْدِهِ رَسُولًا كَذَلِكَ يُضِلُّ اللَّهُ مَنْ هُوَ مُسْرِفٌ مُّرْتَابٌ۞**<br>ရှေ့အလျှင်က ယူဆွဖ်သည် ရှင်းလင်းချက်များနှင့်အတူ သင်တို့ထံသို့ မုချ ရောက်လာခဲ့၏။ သို့သော် သူရောက်လာစေ ခဲ့ရာ၌ သင်တို့သည် မရပ်မနား ဒွိဟဖြစ်နေ၏။ သူ ကံကုန်သော်မှ “ပရမတ်ဘုရားရှင်သည် သူ၏နောက်တွင် ဥဇာ်စဉ်တော်ဆောင် မပွင့်ပေါ်စေတော့ပြီ၊”ဟု သင်တို့ ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် အလွဲသုံးစားပြုသူ၊ သံသယပွားသူကို ဤသို့ လမ်းလွဲနေစေ၏၊”ဟု ဖြစ်၏။၆၂၇ |

(၆၂၇) အစ္စလာမ် ခေါင်းစဉ်အောက်မှ အချို့သော ပုဂ္ဂိုလ်များက ဤသုတ်တော်ပါ၊ ကိုယ်တော် ယူဆွဖ်၏ နောက်တွင် ဥဇာ်စဉ်တော်ဆောင် (ရစူလ်) ပွင့်ပေါ်တော့မည် မဟုတ်ဟု အီဂျစ်လူမျိုးတို့ ပြောဆိုခဲ့ကြောင်း သို့သော် သူ့နောက်တွင် နောက်ထပ်များစွာ ပွင့်ပေါ်ခဲ့သည်များ ရှိကြောင်းကို ထောက်ပြလျက် ကိုယ်တော်မုဟမ္မဒ်၏ နောက်တွင်လည်း ဥဇာ်စဉ်တော်ဆောင် မပွင့်ပေါ်တော့ပြီ ဆိုသည်မှာ မဟုတ်ကြောင်း– ကို ပြောဆိုကာ သူတို့ကိုယ် သူတို့ ဥဇာ်စဉ်တော်ဆောင် (ရစူလ်)များ ဖြစ်ကြောင်း ကြေငြာသူများ အစ္စလာမ်သမိုင်းတွင် ရှိပေသည်။ သို့သော် သူတို့၏ ကိုးကားချက်မှာ ခိုင်လုံမှု မရှိချေ။ ဤသုတ်တော်မှ ပြောဆိုသူများမှာ ဖာရိုး၏နောက်လိုက် အီဂျစ်လူမျိုးဖြစ်၍– လူသားများ အနေဖြင့် သူတို့၏ ခံစားချက်

| | |
|---|---|
| ၃၅။ | الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ كَبُرَ مَقْتًا عِندَ اللَّهِ وَعِندَ الَّذِينَ آمَنُوا كَذَلِكَ يَطْبَعُ اللَّهُ عَلَى كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ ۞<br>ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများမှ သူတို့ထံသို့ ပေးအပ်သည့် သြဇာအာဏာ မရှိဘဲလျှက် စောဒကတက်သော သူတို့အား၊ ပရမတ်ဘုရားရှင်ထံမှ– ယုံကြည်သောသူများ၏ထံမှ ကြီးမားသော ရွံမုန်းမှုသို့ သက်ဆင်းသူ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် မာနကြီးသူ ပုန်ကန်သူတိုင်း၏ စိတ်နှလုံးကို ယင်းသို့ တံဆိပ်ထုထားတော်မူပြီ။ |
| ၃၆။<br>ဆိုက် | وَقَالَ فِرْعَوْنُ يَا هَامَانُ ابْنِ لِي صَرْحًا لَّعَلِّي أَبْلُغُ الْأَسْبَابَ ۞<br>ဖာရိုးက ပြောသည်မှာ "အို ဟာမံ၊ ရစ်ပတ်လှည့်မွှေ့ **တက်**ရောက်နိုင်ရန် ကျွန်ုပ်အတွက် နန်းတော် တည်ဆောက်လော့၊– |
| ၃၇။<br>ကောင်း<br>ကင်နိုင်ငံ<br>တော်<br>☆<br>၂၈း၃၈ | أَسْبَابَ السَّمَاوَاتِ فَأَطَّلِعَ إِلَى إِلَهِ مُوسَى وَإِنِّي لَأَظُنُّهُ كَاذِبًا وَكَذَلِكَ زُيِّنَ لِفِرْعَوْنَ سُوءُ عَمَلِهِ وَصُدَّ عَنِ السَّبِيلِ وَمَا كَيْدُ فِرْعَوْنَ إِلَّا فِي تَبَابٍ ۞<br>**ရစ်ပတ်လှည့်မွှေ့ ကောင်းကင်တက်**လျှက် မူဆာ၏ ဘုရားကို ကျွန်ုပ် ဖေါ်ထုတ်လို၏။ ကျွန်ုပ်သည် သူ့အား လူလိမ် ဟု စဉ်းစားမိ၏၊"ဟု ဖြစ်၏။☆ ဤသို့ ဖာရိုး၏ အကုသိုလ် ကျင့်ကြံမှုကို သူ့ကိုယ်သူ ဖမ်းစားထားစေ၍၊ သူ့အား လမ်းစဉ်မှန်မှ ဖယ်ရှားထား၏။ ဖာရိုး၏ ဗျူဟာသည်ကား ပျက်စီးဆုံးရှုံးခြင်း၌သာ ရှိ၏။ |
| ၃၈။ | وَقَالَ الَّذِي آمَنَ يَا قَوْمِ اتَّبِعُونِ أَهْدِكُمْ سَبِيلَ الرَّشَادِ ۞<br>ယုံကြည်သော သူက ပြောသည်မှာ "အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်နောက်သို့ လိုက်ကြလော့၊ ကျွန်ုပ်သည် သင်တို့အား ဖြောင့်မတ်သော လမ်းစဉ်အား ညွှန်ပြပါအံ့၊ |
| ၃၉။ | يَا قَوْمِ إِنَّمَا هَذِهِ الْحَيَاةُ الدُّنْيَا مَتَاعٌ وَإِنَّ الْآخِرَةَ هِيَ دَارُ الْقَرَارِ ۞<br>အို ကျွန်ုပ်၏ လူမျိုးတို့၊ ဤလောကီ သက်တမ်းသည် ချမ်းမြေ့ရာမျှသာ ဖြစ်၏၊ နောင်ဘဝသည်ကား အတည်တကျ ဗိမာန် ဖြစ်၏။ |
| ၄၀။ | مَنْ عَمِلَ سَيِّئَةً فَلَا يُجْزَى إِلَّا مِثْلَهَا وَمَنْ عَمِلَ صَالِحًا مِّن ذَكَرٍ أَوْ أُنثَى وَهُوَ مُؤْمِنٌ فَأُوْلَئِكَ يَدْخُلُونَ الْجَنَّةَ يُرْزَقُونَ فِيهَا بِغَيْرِ حِسَابٍ ۞<br>အကုသိုလ်အား ကျင့်ကြံသူသည် ၎င်း၏ ဆတူကိုသာ အစားရစေ၍၊ ပြုပြင်ပြောင်းလဲမှုအား ကျင့်ကြံသူ ယောကျာ်း၊ မိန်းမတို့သည် ယုံကြည်သူများ ဖြစ်၍၊ သူတို့အား သုခဘုံသို့ ဝင်စေကာ ထို၌ စရင်းမဲ့ ရိက္ခာရစေလတ္တံ့။ |
| ၄၁။ | وَيَا قَوْمِ مَا لِي أَدْعُوكُمْ إِلَى النَّجَاةِ وَتَدْعُونَنِي إِلَى النَّارِ ۞<br>အို ကျွန်ုပ်၏ လူမျိုးတို့၊ မည်သို့ပါနည်း၊ ကျွန်ုပ်က သင်တို့အား လွတ်မြောက်ခြင်းသို့ ဖိတ်ခေါ်၏၊ သင်တို့က ကျွန်ုပ်အား အပူမီးထဲသို့ ဖိတ်ခေါ်၏။ |
| ၄၂။ | تَدْعُونَنِي لِأَكْفُرَ بِاللَّهِ وَأُشْرِكَ بِهِ مَا لَيْسَ لِي بِهِ عِلْمٌ وَأَنَا أَدْعُوكُمْ إِلَى الْعَزِيزِ الْغَفَّارِ ۞<br>သင်တို့က ကျွန်ုပ်ကို ပရမတ်ဘုရားအား ဖုံးကွယ်ရန်၊ ကျွန်ုပ်မသိသော အရာတို့အား အရှင်နှင့် ရောပြွန်းကိုးကွယ်မှု ထားရန် ဖိတ်ခေါ်၏၊ ကျွန်ုပ်က သင်တို့အား ဘုန်းတော်ရှင်၊ လွတ်ငြိမ်းစေသော အရှင် ဆီသို့ ဖိတ်ခေါ်၏။ |

---

အား ပြောဆိုခြင်းသာ ဖြစ်ပေသည်။ ၃၃း၄၀ တွင် ကိုယ်တော်မုဟမ္မဒ်သည် နောက်ဆုံးပွင့် သတင်းတော်ဆောင် ဖြစ်ကြောင်းကို ပြောဆိုခြင်းမှာ ပရမတ်ဘုရားရှင်၏ ကြေငြာချက် ဖြစ်ပေသည်။ လူသားတို့၏ အထင်သည် နိယာမ မဟုတ်ချေ၊ ပရမတ်ဘုရားရှင်၏ ကြေငြာချက်သည်သာ မပြောင်းမလဲသော နိယာမ ဖြစ်ပေသည်။ (၃၃း၇)တွင်လည်း ကြည့်ပါ။

| | |
|---|---|
| ၄၃။ | لَا جَرَمَ أَنَّمَا تَدْعُونَنِي إِلَيْهِ لَيْسَ لَهُ دَعْوَةٌ فِي الدُّنْيَا وَلَا فِي الْآخِرَةِ وَأَنَّ مَرَدَّنَا إِلَى اللَّهِ وَأَنَّ الْمُسْرِفِينَ هُمْ أَصْحَابُ النَّارِ<br>ဤဘဝ နောင်ဘဝအတွက် အချိုးနှီးဆီသို့ ဖိတ်ခေါ်မှုဖြင့် ကျွန်ုပ်အား ဖိတ်ခေါ်ခြင်း ရာဇဝတ်မှုကိုမပြုကြနှင့် ကျွန်ုပ်၏ အပြန်ခရီးမှာ ပရမတ်ဘုရားရှင်ထံသို့သာ ဖြစ်၏။ အလွဲသုံးစားပြုသူတို့သည် အပူမီး၏ ပေါင်းဖေါ်များသာ ဖြစ်ကြ၏။ |
| ၄၄။ | فَسَتَذْكُرُونَ مَا أَقُولُ لَكُمْ وَأُفَوِّضُ أَمْرِي إِلَى اللَّهِ إِنَّ اللَّهَ بَصِيرٌ بِالْعِبَادِ<br>သင်တို့အား ကျွန်ုပ် ပြောသည်များကို သတိရလာလတ္တံ့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ အရေးအရာများကို ပရမတ်ဘုရားရှင် ထံ ပုံအပ်ထား၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များကို မြင်နေသော အရှင်ဖြစ်၏၊” |
| ၄၅။ | فَوَقَاهُ اللَّهُ سَيِّئَاتِ مَا مَكَرُوا وَحَاقَ بِآلِ فِرْعَوْنَ سُوءُ الْعَذَابِ<br>သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူ့အား ၎င်းတို့ ကြံစည်သော အကုသိုလ်များမှ ကာကွယ်ထားတော်မူ၏၊ ဖာရိုး မင်းဆက်သည် အကုသိုလ် ဝဋ်ကြွေးသို့ သက်ဆင်းလေတော့၏။ |
| ၄၆။ | النَّارُ يُعْرَضُونَ عَلَيْهَا غُدُوًّا وَعَشِيًّا وَيَوْمَ تَقُومُ السَّاعَةُ أَدْخِلُوا آلَ فِرْعَوْنَ أَشَدَّ الْعَذَابِ<br>သူတို့အတွက် အပူမီးကို မနက်စောစောနှင့် မိုးချုပ်ချိန် ဘောင်ဝင်စေ၏။ အချိန်နာရီ ရပ်တည်ရမည့် နေ့ကာလ၌ ဖာရိုးမင်းဆက်အား ပို၍ပြင်းထန်သော ဝဋ်ကြွေးထဲသို့ ဝင်စေလော့။ |
| ၄၇။ | وَإِذْ يَتَحَاجُّونَ فِي النَّارِ فَيَقُولُ الضُّعَفَاء لِلَّذِينَ اسْتَكْبَرُوا إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنتُم مُّغْنُونَ عَنَّا نَصِيبًا مِّنَ النَّارِ<br>အပူမီးထဲ၌ စောကြောကြသည်မှာ အားနည်းသူတို့က အကြီးအကဲ ဖြစ်သူများကို “ကျွန်ုပ်တို့သည် သင်တို့၏ နောက်လိုက် ဒကာများသာ ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့အတွက် အပူမီးမှ ပင်ပန်းရကျိုးမှာ သင်တို့ အတွက် ပြည့်စုံ ကြသလော၊”ဟု ဆိုသော်၊ |
| ၄၈။ | قَالَ الَّذِينَ اسْتَكْبَرُوا إِنَّا كُلٌّ فِيهَا إِنَّ اللَّهَ قَدْ حَكَمَ بَيْنَ الْعِبَادِ<br>အကြီးအကဲ ဖြစ်သူတို့က “ကျွန်ုပ်တို့ ကိုယ်စီ ဤအထဲ၌ ရှိနေ၏။ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များ အကြား၌ စီရင်ထုံးပြုတော်မူလေပြီ၊”ဟု ဆိုကြ၏။ |
| ၄၉။ | وَقَالَ الَّذِينَ فِي النَّارِ لِخَزَنَةِ جَهَنَّمَ ادْعُوا رَبَّكُمْ يُخَفِّفْ عَنَّا يَوْمًا مِّنَ الْعَذَابِ<br>အပူမီးထဲမှ ဖြစ်သူများက ငရဲထိန်းတို့အား “ကျွန်ုပ်တို့အား ဝဋ်ကြွေးမှ တစ်ရက်မျှ ပေါ့ပါးစေရန် သင်တို့၏ ကံကြမ္မာရှင် ထံ၌ ဆုတောင်းပေးပါ၊”ဟု ဆိုသော်– |
| ၅၀။ | قَالُوا أَوَلَمْ تَكُ تَأْتِيكُمْ رُسُلُكُم بِالْبَيِّنَاتِ قَالُوا بَلَى قَالُوا فَادْعُوا وَمَا دُعَاء الْكَافِرِينَ إِلَّا فِي ضَلَالٍ<br>၎င်းတို့က “သင်တို့ထံသို့ ရှင်းလင်းချက်များဖြင့် သင်တို့၏ ဥဇ္ဇာစဉ်ဆောင်များကို ပေးရောက်စေခဲ့သည် မဟုတ် လော၊”ဟု ပြန်ပြောစဉ်၊ သူတို့က “အမှန်ပင်၊”ဟု ပြောကြ၏၊ ၎င်းတို့က “သို့ဖြစ်သော်– ဖုံးကွယ်သူတို့ ဆုတောင်း သော ဆုတောင်းမှုသည် လွဲချော်နေသည်သာတည်း၊”ဟု ပြန်ပြောလတ္တံ့။ |
| ၅၁။ | إِنَّا لَنَنصُرُ رُسُلَنَا وَالَّذِينَ آمَنُوا فِي الْحَيَاةِ الدُّنْيَا وَيَوْمَ يَقُومُ الْأَشْهَادُ<br>ကေန်ပင် ငါအရှင်သည် ငါ၏ ဥဇ္ဇာစဉ်ဆောင်များနှင့် ယုံကြည်သောသူတို့အား လောကီ ဘဝ၌ ဖြစ်စေ၊ သက်သေ ရပ်တည်ရမည့် နေ့ကာလ၌ ဖြစ်စေ ကူညီစောင်မတော်မူပြီ။ |
| ၅၂။ | يَوْمَ لَا يَنفَعُ الظَّالِمِينَ مَعْذِرَتُهُمْ وَلَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ |

| | |
|---|---|
| | ထိုနေ့ကာလ၌ အမိုက်ကောင်တို့၏ တောင်းပန်မှုသည် အကျိုးထူးမည် မဟုတ်ချေ။ သူတို့အတွက် မေတ္တာဝေးစေပြီ။ သူတို့အတွက် အကုသိုလ် ဗိမာန်သည် ရှိ၏။ |
| ၅၃။ | وَلَقَدْ آتَيْنَا مُوسَى الْهُدَى وَأَوْرَثْنَا بَنِي إِسْرَائِيلَ الْكِتَابَ ۞<br>ငါသည် မူဆာအား လမ်းညွှန်တော်ကို ချီးမြှင့်၍၊ ဂျူးလူမျိုးတို့အား ကျမ်းတော်ကို အမွေပေး၏။ |
| ၅၄။ | هُدًى وَذِكْرَى لِأُولِي الْأَلْبَابِ ۞<br>သဘောပေါက်နိုင်စွမ်း ရှိသူတို့အတွက် လမ်းညွှန်နှင့် သတိပေးတရားတော် ဖြစ်စေ၏။ |
| ၅၅။ | فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ وَاسْتَغْفِرْ لِذَنبِكَ وَسَبِّحْ بِحَمْدِ رَبِّكَ بِالْعَشِيِّ وَالْإِبْكَارِ ۞<br>သည်းခံပါရမီထားလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် အမှန်သစ္စာဖြစ်၏။ သင်၏ အပြစ်များ အတွက် လွတ်ငြိမ်းဆုပန်လော့၊ ညဦးနှင့် မနက်ပိုင်းအချိန်၌ သင့်ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားလော့၊ |
| ၅၆။ | إِنَّ الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ إِن فِي صُدُورِهِمْ إِلَّا كِبْرٌ مَّا هُم بِبَالِغِيهِ فَاسْتَعِذْ بِاللَّهِ إِنَّهُ هُوَ السَّمِيعُ الْبَصِيرُ ۞<br>သူတို့အား လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်း မရှိဘဲလျက် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား စောဒကတက်သော သူများသည် သူတို့၏ ရင်ဘတ်တွင်း၌ သူတို့ မဆိုက်ရောက်နိုင်သည့် ကြီးကျယ်ခြင်းသာ ရှိ၏။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်ဖြင့်သာ ခိုလှုံလော့၊ အရှင်သည် ကြားနေသောအရှင် မြင်နေသော အရှင် ဖြစ်၏။[၉၂၈] |
| ၅၇။ | لَخَلْقُ السَّمَاوَاتِ وَالْأَرْضِ أَكْبَرُ مِنْ خَلْقِ النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ۞<br>မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေခြင်းသည် လူသားအား ဖြစ်တည်စေခြင်းထက် သာလွန်ကြီးကျယ်၏၊ သို့ရာတွင် လူသား အများစုကြီးသည် သိကြသည် မဟုတ်ချေ။ |
| ၅၈။ | وَمَا يَسْتَوِي الْأَعْمَى وَالْبَصِيرُ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَلَا الْمُسِيءُ قَلِيلًا مَّا تَتَذَكَّرُونَ ۞<br>ကန်းနေသူနှင့် မြင်နိုင်သူသည် ဖြစ်စေ၊ ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူနှင့် အကုသိုလ်ကောင်သည် ဖြစ်စေ မတူညီကြချေ။ အနည်းငယ်မျှပင် ဆင်ခြင်သတိ မရှိကြချေ။ |
| ၅၉။ | إِنَّ السَّاعَةَ لَآتِيَةٌ لَّا رَيْبَ فِيهَا وَلَكِنَّ أَكْثَرَ النَّاسِ لَا يُؤْمِنُونَ ۞<br>ကေန်ပင် အချိန်နာရီသည် ဆိုက်ရောက်လာနေ၏။ ထို၌ သံသယ ဖြစ်ဘွယ်မရှိချေ။ သို့သော် လူသား အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၆၀။ | وَقَالَ رَبُّكُمُ ادْعُونِي أَسْتَجِبْ لَكُمْ إِنَّ الَّذِينَ يَسْتَكْبِرُونَ عَنْ عِبَادَتِي سَيَدْخُلُونَ جَهَنَّمَ دَاخِرِينَ ۞<br>သင်တို့၏ ကံကြမ္မာရှင်က "ငါ့ထံ၌ ဆုတောင်းကြလော့၊ ငါသည် တုန့်ပြန်တော်မူလတ္တံ့၊ ကေန်ပင် ငါ့အား အမှုတော်ဆောင်ရန် မာနကြီးနေသော သူတို့သည် ဝပ်တွားနှိမ့်ချလျက် ငရဲဘုံသို့ ဝင်ရလတ္တံ့၊"ဟု မိန့်ဆို၏။ |
| ၆၁။ | اللَّهُ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِتَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا إِنَّ اللَّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَشْكُرُونَ ۞ |

(၉၂၈) ဤသုတ်တော်က အလ္လာဟ်အရှင်၏ သုတ်ဒေသနာများ ဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်အား ငြင်းဆန်ရန်အတွက် အခြားသော မအပ်မရာများကို ကိုးကားနေသူများသည်– သူတို့ဖြစ်ချင်သော သူတော်စင်များ၊ ဉာဏ်စဉ်ပွင့်လင်းမှုများကို ရင်ထဲတွင် ဆန္ဒရှိသော်လည်း မည်သည့်အခါမျှ ဆိုက်ရောက်နိုင်မည် မဟုတ်ဟု ဆိုထားပေသည်။ သို့ဖြစ်၍ လူသားတစ်ဦး အနေဖြင့် အမှန်တကယ် ဉာဏ်စဉ်ပွင့်လင်းလိုလျှင် ကျမ်းမြတ်ကုရ်အာန်ပါ ပြဋ္ဌာန်းချက် နိယာမများကို လိုက်နာဖေါ်ဆောင်ရမည် ဖြစ်သည်။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် သင်တို့အတွက် ညအား ထို၌ နားနေဘို့ရာ၊ နေ့အား ခွဲခြားမြင်နိုင်ဘို့ရာ စီစဉ်ပေးသော အရှင် ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လူသားတို့အား သိက္ခာပေးသော အရှင် ဖြစ်၏၊ သို့သော် လူသား အများစု ကြီးသည် ကျေးဇူးမသိတတ်ချေ။ |
| ၆၂။ | **ذَلِكُمُ اللَّهُ رَبُّكُمْ خَالِقُ كُلِّ شَيْءٍ لَّا إِلَهَ إِلَّا هُوَ فَأَنَّى تُؤْفَكُونَ۞**<br>ဤသည် ပရမတ်ဘုရားရှင် သင်တို့၏ ကံကြမ္မာရှင် သဗ္ဗလုံးစုံအား ဖြစ်တည်စေသော အရှင် ဖြစ်၏။ အရှင်မှ အပ အခြား ဘုရားဟူ၍ မရှိ၊ သို့ပါလျက် သင်တို့သည် မည်သို့ လှည့်စားခံကြဦးမည်နည်း။ |
| ၆၃။ | **كَذَلِكَ يُؤْفَكُ الَّذِينَ كَانُوا بِآيَاتِ اللَّهِ يَجْحَدُونَ۞**<br>ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား ပယ်ပစ်လေ့ရှိသူများသာ ဤသို့ လှည့်စားခံကြရကုန်၏။ |
| ၆၄။<br>☆ ၂း၂၂ | **اللَّهُ الَّذِي جَعَلَ لَكُمُ الْأَرْضَ قَرَارًا وَالسَّمَاء بِنَاء وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ وَرَزَقَكُم مِّنَ الطَّيِّبَاتِ ذَلِكُمُ اللَّهُ رَبُّكُمْ فَتَبَارَكَ اللَّهُ رَبُّ الْعَالَمِينَ۞**<br>ပရမတ်ဘုရားရှင်– အရှင်သည် သင်တို့အတွက် မြေကမ္ဘာအား အတည်ကျရာ၊ မိုးကောင်းကင်အား ထပ်ခိုးအဖြစ်☆ စီစဉ်ပေး၏။ သင်တို့အား ပုံစံချပေး၏။ အတင့်တယ်ဆုံး ပုံစံဖြစ်စေ၏။ စင်ကြယ်ရာများမှ သင်တို့အား ရိက္ခာပေး၏။ ဤသည် ပရမတ်ဘုရားရှင်– သင်တို့၏ ကံကြမ္မာရှင်ဖြစ်၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင်ဖြစ်သော ပရမတ်ဘုရားရှင် သည် ကျက်သရေအပေါင်းနှင့် ပြည့်စုံ၏။ |
| ၆၅။ | **هُوَ الْحَيُّ لَا إِلَهَ إِلَّا هُوَ فَادْعُوهُ مُخْلِصِينَ لَهُ الدِّينَ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ۞**<br>အရှင်သည် နိစ္စထာဝရဖြစ်၏၊ အရှင်မှအပ အခြားဘုရားဟူ၍ မရှိချေ။ သာသနာတော်အား အရှင့်အတွက် သန့်သန့် ထား ဆုတောင်းလော့။ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ရည်သန်စူးစိုက်လော့။ |
| ၆၆။ | **قُلْ إِنِّي نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ لَمَّا جَاءنِيَ الْبَيِّنَاتُ مِن رَّبِّي وَأُمِرْتُ أَنْ أُسْلِمَ لِرَبِّ الْعَالَمِينَ۞**<br>ဟောလော့ "ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်များ ကျွန်ုပ်ထံသို့ ရောက်လာစေစဉ်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ ဆုတောင်းနေသော သူတို့အား ကိုးကွယ်ခြင်းမှ ကျွန်ုပ်အား ဟန့်တားထား၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် အတွက် ငြိမ်းချမ်းရေးပြုရန် ကျွန်ုပ်အား ညွှန်ကြား၏" |
| ၆၇။ | **هُوَ الَّذِي خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ يُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوا أَشُدَّكُمْ ثُمَّ لِتَكُونُوا شُيُوخًا وَمِنكُم مَّن يُتَوَفَّى مِن قَبْلُ وَلِتَبْلُغُوا أَجَلًا مُّسَمًّى وَلَعَلَّكُمْ تَعْقِلُونَ۞**<br>ထို အရှင်သည် သင်တို့အား မြေမှုန့်မှ၊ ထို့နောက် သုတ်ပိုးရည်မှ၊ ထို့နောက် သွေးမျှင်တန်းမှ၊ ဖြစ်တည်စေ၍၊ ထို့နောက် ကလေးသူငယ် အဖြစ် ထုတ်ပေးတော်မူ၏၊ ထို့နောက် အရွယ်ရောက် ရင့်ကျက်စေ၏၊ ထို့နောက် အရွယ်အို စေ၍၊ သင်တို့မှ ရှေ့အလျှင် သက်တမ်းကုန်စေသူလည်း ရှိ၏။ သတ်မှတ်ကာလ အချိန်ထိ စေ့ရောက်စေသူလည်း ရှိစေ၏၊ သင်တို့ အတွေးအခေါ်ရှိအံ့ငှာ ဖြစ်၏။ |
| ၆၈။<br>☆၃း၅၉ | **هُوَ الَّذِي يُحْيِي وَيُمِيتُ فَإِذَا قَضَى أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۞**<br>ထို အရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေသောအရှင် ဖြစ်၏။ ညွှန်ကြားချက်အား ဆုံးဖြတ်ပြီးသော် ထိုအရာအား "ဖြစ်" ဟု မိန့်လိုက်လျှင် သို့ဖြင့် ဆင့်ကဲပြည့်စုံ ဖြစ်လာရ၏။☆ |
| ၆၉။ | **أَلَمْ تَرَ إِلَى الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ أَنَّى يُصْرَفُونَ۞**<br>ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့၌ စောဒကတက်သောသူတို့အား သင် မမြင်မိသလော၊ သူတို့သည် မည်သို့ |

| | |
|---|---|
| | ဘက်လှည့်နေကြသနည်း၊ |
| ၇၀။ | **الَّذِينَ كَذَّبُوا بِالْكِتَابِ وَبِمَا أَرْسَلْنَا بِهِ رُسُلَنَا فَسَوْفَ يَعْلَمُونَ۞**<br>ငါစေစားသော ငါ၏ ဉာဏ်စဉ်ဆောင်များအားဖြင့် ဖြစ်သော ကျမ်းတော်အား ငြင်းဆန်သော သူတို့သည် မကြာမီ သိကြရလတ္တံ့။ |
| ၇၁။ | **إِذِ الْأَغْلَالُ فِي أَعْنَاقِهِمْ وَالسَّلَاسِلُ يُسْحَبُونَ۞**<br>ထိုအခါ၊ သူတို့၏ ဂုတ်ပိုးနှင့် မေးစေ့များမှ ချုပ်ကိုင်လျှက် တွဲလောင်းကျစေမည်မှာ– |
| ၇၂။ | **فِي الْحَمِيمِ ثُمَّ فِي النَّارِ يُسْجَرُونَ۞**<br>ရေနွေးပူထဲသို့၊ ထို့နောက် သူတို့အား အလျှံဟုန်ဟုန် မီးထဲသို့ ဖြစ်၏။ |
| ၇၃။ | **ثُمَّ قِيلَ لَهُمْ أَيْنَ مَا كُنتُمْ تُشْرِكُونَ۞**<br>ထို့နောက် သူတို့အား မေးမြန်းမည်မှာ "သင်တို့ ရောပြွန်းကိုးကွယ်လေ့ရှိခဲ့သော အရာများသည် အဘယ်မှာနည်း၊– |
| ၇၄။ | **مِن دُونِ اللَّهِ قَالُوا ضَلُّوا عَنَّا بَل لَّمْ نَكُن نَّدْعُو مِن قَبْلُ شَيْئًا كَذَلِكَ يُضِلُّ اللَّهُ الْكَافِرِينَ۞**<br>ပရမတ်ဘုရားရှင် မှလွဲ၍ အခြားများ ဖြစ်၏"ဟု ဖြစ်သော် သူတို့က "ကျွန်ုပ်တို့အား လွဲဖယ်သွားကြပါပြီ၊ အမှန်မှာ ကျွန်ုပ်တို့သည် ရှေ့အလျှင်က မည်သည့် အရာထံမှ ဆုတောင်းခဲ့ခြင်း မရှိပါ"ဟု ဆိုကြ၏။ ဤသို့ ပရမတ်ဘုရားရှင် သည် ဖုံးကွယ်သူတို့အား အပါယ်သို့ရောက်စေလတ္တံ့။ |
| ၇၅။ | **ذَلِكُم بِمَا كُنتُمْ تَفْرَحُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنتُمْ تَمْرَحُونَ۞**<br>ယင်းမှာ သင်တို့သည် မြေကမ္ဘာ၌ သစ္စာမဲ့စွာ အူမြူးလျှက်ရှိခြင်း၊ သင်တို့၏ ပမာမခန့်ပြုခြင်းများကြောင့်ပင်။ |
| ၇၆။ | **ادْخُلُوا أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ۞**<br>ငရဲဘုံအား တံခါးပေါက်များမှ ဝင်ကြလော့၊ မာနကြီးနေသူများ အတွက် အမင်္ဂလာ တည်းခိုရာရှိ၏။ ထို၌ ကာလမဲ့ ခံစားလော့။၉၂၉ |
| ၇၇။ | **فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ فَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا يُرْجَعُونَ۞**<br>သင်သည် သည်းခံပါရမီထားလော့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတစ်ရပ် ဖြစ်၏။ သူတို့အတွက် ထားသော ကတိမှ အချို့အား သင့်အား ပြသသည် ဖြစ်စေ၊ သို့မဟုတ် သင့်အား သက်တမ်းကုန်စေသည် ဖြစ်စေ၊ သူတို့သည် ငါ့ထံသို့သာ ဦးလှည့်ပြန်ခဲ့ရမည်သာတည်း။ |
| ၇၈။ | **وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ مِنْهُم مَّن قَصَصْنَا عَلَيْكَ وَمِنْهُم مَّن لَّمْ نَقْصُصْ عَلَيْكَ وَمَا كَانَ لِرَسُولٍ أَنْ يَأْتِيَ بِآيَةٍ إِلَّا بِإِذْنِ اللَّهِ فَإِذَا جَاء أَمْرُ اللَّهِ قُضِيَ بِالْحَقِّ وَخَسِرَ هُنَالِكَ الْمُبْطِلُونَ۞**<br>သင့်ရှေ့အလျှင် ဉာဏ်စဉ်ဆောင်များကို ငါ မုချ စေစားခဲ့ပြီ။ သူတို့မှ သင့်အား ဖေါ်ပြသည်လည်း ရှိ၏။ သူတို့မှ သင့်အား မဖေါ်ပြသည်လည်း ရှိ၏။ ပရမတ်ဘုရားရှင်က ခွင့်မပြုဘဲ မည်သည့် ဉာဏ်စဉ်ဆောင်မျှ သုတ်ဒေသနာ တစ်ပါးကို ပေးရောက်စေနိုင်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက် ရောက်လာသောအခါ၊ ၎င်းကို မှန်ကန် ညီညွတ်စွာ ဆုံးဖြတ်ပေး၏။ မိစ္ဆာဒိဋ္ဌိတို့သည် ဆုံးရှုံးနစ်နာရလတ္တံ့။ |

(၉၂၉) ငရဲသို့ ဝင်သော အပေါက်၊ နိဗ္ဗာန်သို့ ဝင်သော အပေါက်များ ဆိုသည်မှာ မိမိတို့၏ ကျင့်ကြံထားထုတ်မှု သော့ချက်ကြောင့် ဝင်ရောက်နိုင်သော အပေါက်များ– လမ်းများကို ဆိုလိုခြင်း ဖြစ်ပေသည်။ ငရဲနှင့် နိဗ္ဗာန်တို့သည် ခြံစည်းရိုးခပ်ထားသော နယ်နမိတ်များဖြင့် ပိုင်းခြားထားသည် ဟုလည်းကောင်း၊ အပေါက်များမှ ဝင်ရသော အဆောက်အဦး ပြသဒ်ကြီးဟုလည်းကောင်း မမြင်ယောင်သင့်ပေ။

| | |
|---|---|
| ၇၉။ | **اللَّهُ الَّذِي جَعَلَ لَكُمُ الْأَنْعَامَ لِتَرْكَبُوا مِنْهَا وَمِنْهَا تَأْكُلُونَ۞**<br>ပရမတ်ဘုရားရှင်သည် ခွာကွဲစားမြံ့ပြန် တိရိစ္ဆာန်များအား စီစဉ်ပေးသော အရှင်ဖြစ်၏။ ထိုမှ သင်တို့ စီးနင်းရန်၊ ထိုမှ သင်တို့ စားသုံးရန် ဖြစ်စေ၏။ |
| ၈၀။ | **وَلَكُمْ فِيهَا مَنَافِعُ وَلِتَبْلُغُوا عَلَيْهَا حَاجَةً فِي صُدُورِكُمْ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ۞**<br>ထိုမှ သင်တို့အတွက် အကျိုးကျေးဇူးများလည်း ရှိစေ၏။ ၎င်းတို့သည် သင်တို့၏ ရင်းတွင်းဆန္ဒ တပ်မက်ရာများကိုလည်း ဆိုက်ရောက်စေ၏။ ၎င်းတို့၏ အပေါ်၌၊ သင်္ဘောများ၏ အပေါ်၌ ဝန်တင်ဆောင်နိုင်ကြ၏။ |
| ၈၁။ | **وَيُرِيكُمْ آيَاتِهِ فَأَيَّ آيَاتِ اللَّهِ تُنكِرُونَ۞**<br>အရှင်သည် သင်တို့အား အရှင်၏ သုတ်ဒေသနာများကို ပြသတော်မူ၏။ ပရမတ်ဘုရားရှင်၏ မည်သည့် သုတ်ဒေသနာတော်အား သင်တို့ အကျွမ်းမဝင်လိုဖြစ်အံ့နည်း။ |
| ၈၂။ | **أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ كَانُوا أَكْثَرَ مِنْهُمْ وَأَشَدَّ قُوَّةً وَآثَارًا فِي الْأَرْضِ فَمَا أَغْنَى عَنْهُم مَّا كَانُوا يَكْسِبُونَ۞**<br>သူတို့သည် မြေကမ္ဘာအား လှည့်ပတ်သွားလာ၍ သူတို့၏ ရှေ့အလျှင် ဖြစ်သူများ နိဂုံး မည်သို့ ချုပ်ရသည်ကို မကြည့်ကြသလော၊ သူတို့သည် ၎င်းတို့ထက် ပိုမိုများပြား၏၊ အစွမ်း ပို၍ သန်မာ၏၊ မြေကမ္ဘာ၌ အစဉ်အလာ ပိုရှိခဲ့၏။ သို့သော် သူတို့၏ ကျင့်ဆောင်လေ့ရှိသည်များမှာ သူတို့အတွက် ပြည့်စုံမှု မရှိချေ။ |
| ၈၃။ | **فَلَمَّا جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرِحُوا بِمَا عِندَهُم مِّنَ الْعِلْمِ وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِؤُون۞**<br>သူတို့ထံသို့ သူတို့၏ ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် ရောက်လာစဉ်၊ သူတို့သည် သူတို့ထံ၌ ရှိသော အသိပညာ၌သာ အူမြူးနေခဲ့ကြ၏။ သူတို့၏ ပြောင်လှောင်လေ့ရှိရာများက သူတို့အား ပိတ်ဖုံးထားလေပြီ။ |
| ၈၄။ | **فَلَمَّا رَأَوْا بَأْسَنَا قَالُوا آمَنَّا بِاللَّهِ وَحْدَهُ وَكَفَرْنَا بِمَا كُنَّا بِهِ مُشْرِكِينَ۞**<br>အမင်္ဂလာကို မြင်ရသောအခါ၊ သူတို့က "တပည့်တော်တို့သည် ပရမတ်ဘုရားရှင် တစ်ပါးတည်းကိုသာ ယုံကြည်ပါပြီ၊ တပည့်တော်တို့ ရောပွှန်းကိုးကွယ်လေ့ရှိရာများကို ဖုံးကွယ်ပစ်ပယ်ပါပြီ၊"ဟု ဆိုကြ၏။ |
| ၈၅။ | **فَلَمْ يَكُ يَنفَعُهُمْ إِيمَانُهُمْ لَمَّا رَأَوْا بَأْسَنَا سُنَّتَ اللَّهِ الَّتِي قَدْ خَلَتْ فِي عِبَادِهِ وَخَسِرَ هُنَالِكَ الْكَافِرُونَ۞**<br>ငါ့ထံတော်မှ အမင်္ဂလာသက်စေခြင်းအား မြင်ရသော အခါမှ ယုံကြည်ခြင်းသည် သူတို့အတွက် အကျိုးမရှိတော့ပေ။ ယင်းသည် အရှင်၏ အမှုတော်ဆောင်များ အတွက် ပရမတ်ဘုရားရှင်က ယခင်ကပင် သတ်မှတ်ပြီး နိယာမဖြစ်၏။ ယင်းသို့ ဖုံးကွယ်မှောင်ချသူတို့အား ဆုံးရှုံးရစေ၏။ |